# ထားဝယ်မြို့မှ နှစ်တစ်ရာကျော်သက်တမ်းရှိ

# မှန်ပန်းချီရေးပြတင်းပေါက်များ

ဥရောပယဉ်ကျေးမှုတစ်မျိုးဖြစ်တဲ့ မှန်ပန်းချီရေးပြတင်းပေါက် (Stained glass windows) ဆိုတာ ရှေးကျပြီး ကြီးကျယ်ခန်းနားတဲ့ ခရစ်ယာန်ဘုရားရှိခိုးကျောင်းမှာသာ တွေ့ရလေ့ရှိကြောင်း ရုပ်ရှင်တွေနဲ့ ဓာတ်ပုံများကတဆင့် မှတ်သားခဲ့ရဖူးပါတယ်။






ကျွန်တော့်အနေနဲ့ Stained glass windows တွေကို အနီးကပ် မလေ့လာဖူးသလို အဲဒါတွေနဲ့နီးစပ်မှုလည်း မရှိပါဘူး။ ဘုရားရှိခိုးကျောင်းတိုင်း မှာလည်း အဲဒါမျိုးတွေ မရှိတတ်ဘူးလို့ သိထားမိတာပါ။ အခုတော့ လက်ရာ မြောက်လှတဲ့ Stained glass windows နှစ်ခုကို ထားဝယ်မြို့က ရှေးဟောင်း ခရစ်ယာန်သစ်သားဘုရားရှိခိုးကျောင်းလေးမှာ တွေ့လိုက်ရပါတယ်။ ဘုရားခန်း



ရဲ့ နံရံတဖက်တစ်ချက်စီမှာ ရိုးရိုးပြတင်းပေါက်တစ်ခုစီနဲ့အတူ တပ်ဆင်ထားတာပါ။ မြင်မြင်ချင်းတော့ အတော်ပဲ အံ့သြသွားမိပါတယ်။ ကျွန်တော်တို့ထားဝယ်က ဘုရားရှိခိုးကျောင်းလေးမှာ ဒီလိုမျိုး Stained glass windows တွေ ရှိနေလိမ့်မယ်လို့ အစက လုံးဝမထင်ထားခဲ့ပါဘူး။ အဲလိုမှန်းသာသိရင် ဒီအချိန်ထိ

ကျွန်တော်ဘယ်နေလိမ့်မလဲလေ။ ဒီထက်အများကြီးစောတဲ့အချိန်ကတည်းက လာလေ့လာခဲ့ပြီးပြီပေါ့။

ဘုရားခန်းလက်ဝဲဘက်နံရံမှာ တပ်ဆင်ထားတဲ့ Stained glass windows ဟာ အနံနှစ်ပေ၊ အမြင့် ခုနှစ်ပေလောက်ရှိမယ်လို့ ထင်ပါတယ်။ ဆွဲထားတဲ့ပုံက သူတော်စင်တစ်ပါးရဲ့ပုံဖြစ်ဟန်ရှိပြီး အဲဒီပုံနဲ့ အလိုက်သင့်ဖြစ်အောင် မှန်ပြတင်းပေါက်တစ်ခုလုံး နေရာမလွတ်အောင် ဆေးရောင်စုံတွေနဲ့ ခြယ်မှုန်းထားတာပါ။ လက်ယာဘက်နံရံက Stained glass window လည်း လက်ဝဲဘက်ကနဲ့ အရွယ်စားတူပါတယ်။ ဒီဘက်မှာလည်း သူတော်စင်တစ်ပါးရဲ့ ပုံကို လက်ရာမြောက်စွာနဲ့ သရုပ်ဖော်ရေးဆွဲထားတာပါ။ ဆွဲထားတဲ့ပုံက ကျော်ကြားထင်ရှားတဲ့ သူတော်စင်ဆိုတော့ အပျိုစင်သူတော်စင် Saint Phelomena ဖြစ်လေမလားလို့ တွေးမိပါတယ်။ အဲဒီသူတော်စင်အကြောင်းကို မိတ်ဆွေတစ်ယောက်ပြောဖူးထားလို့ ကြားဖူးနား၀ ရှိနေတာပါ။ Saint Phelomena ဟာ ဂရိဘုရင်တစ်ပါးရဲ့သမီးတော်ဖြစ်ပြီး ရောမတွေ ခရစ်ယာန်ဘာသာဝင်တွေကို နှိပ်ကွပ်ခဲ့ကြတဲ့ AD 3 ရာစုမှာ အသတ်ခံသွားရရှာတယ်လို့ သိရပါတယ်။ သူ့ရဲ့အလောင်းကိုတော့ AD 19 ရာစုအစောပိုင်း 1802 ခုနှစ်မှာမှ ရောမမှာ ပြန်လည်တူးဖော်တွေ့ရှိခဲ့ပါတယ်တဲ့။ အဲဒီနောက်ပိုင်းမှာတော့ Saint Phelomena ဟာ ပိုမိုထင်ရှားလာတဲ့ အပျိုစင်သူတော်စင်တစ်ပါးဖြစ်လာတယ်လို့ ဆိုပါတယ်။

Stained Glass Window နှစ်ခုစလုံးမှာ အဓိကရေးဆွဲထားတဲ့သူတော်စင်ပုံတွေကလွဲရင် ကျန်တာတွေ တူညီမှုရှိတယ်လို့ မြင်ပါတယ်။ ဆေးရောင်အရင့်

တွေနဲ့ အသုံးပြုရေးဆွဲထားပေမယ့်လည်း အပြင်က ထိုးဝင်နေတဲ့ အလင်းရောင်နဲ့ ပေါင်းစပ်ပြီး ကြည့်ရှုခံစားလိုက်တဲ့အခါမှာ မှန်ပြတင်းပေါက်တစ်ခုလုံးပေါ်က ပန်းချီကားချပ်ကြီးဟာ ကြွရွပြီး အသက်ဝင်လာပါတယ်။ ဒီပန်းချီကားထဲက သူတော်စင်တို့ရဲ့ ငြိမ်းအေးတဲ့ မျက်နှာထားတွေကြောင့် ထင်ပါရဲ့ ပန်းချီကားကို ကြည့်ရှုခံစားသူရဲ့ စိတ်ထဲမှာလည်း အေးချမ်းသလို ခံစားနေရတာပါ။




ဒါကြောင့်မို့ အချိန်အတော်ကြာအောင်ထိ မှန်ပန်းချီကားချပ်တွေကို ငေးမောပြီး ကြည့်နေမိပါတယ်။ ကျွန်တော်က ပန်းချီပညာအကြောင်း ဘာမှမသိပေမယ့် ဆွဲဆောင်မှုအားကောင်းတဲ့ ပန်းချီကားတွေ အရှေ့ကိုရောက်ရင်တော့ အခုလိုပဲ ကြည့်နေရင်း အလိုလိုစီးမျောသွားတော့တာပါ။

မှန်ပန်းချီရေးပြတင်းပေါက်တစ်ခုဖြစ်အောင် အတော်လေးကို အားထုတ်ပြီး ဖန်တီးခဲ့ရမှာ ဖြစ်ပါတယ်။ Stained Glass Window တစ်ခုဖြစ်ဖို့အတွက် ပန်းချီရေးဆွဲထားတဲ့ မှန်ချပ်အစိတ်အပိုင်းတွေကို ရိုးရိုးရှင်းရှင်းနဲ့ တပ်ဆင်ထားတာ မဟုတ်ပါဘူး။ သူတော်စင်ပုံရဲ့ အထက်နဲ့အောက်က အစိတ်အပိုင်းတွေမှာ




ရေးဆွဲထားတဲ့ သစ်ခက်၊ သစ်ရွက်၊ သစ်သီးလေးတွေအတိုင်း မှန်ပြင်ကို ပုံဖော် လှီးဖြတ်ပြီး ကြားခံသစ်သားဘောင်ကွပ်လေးတွေခံလို့ အစီအစဉ်တကျ ဆက်စပ် ဖန်တီးထားတာ ဖြစ်ပါတယ်။ တကယ့်ကို အနုစိပ်တဲ့လက်ရာတွေပါ။ ဒီလို အနုပညာလက်ရာမြောက်လွန်းတဲ့ရှေးလက်ရာဆေးရေးမှန်ပြတင်းပေါက် Stained Glass Window တွေကို သေသေချာချာ ထိန်းသိမ်းထားရမှာ ဖြစ်ပါ တယ်။ လက်ရှိအခြေအနေမှာ လာက်ဝဲဘက်ခြမ်းမှန်ပြတင်းပေါက် ပန်းချီကား အောက် အစွန်နားလေးက ကျိုးပဲ့သွားလို့ လစ်ဟာနေတဲ့စိတ်ပိုင်းတစ်ခုကို တွေ့ ရတော့ စိတ်မကောင်းဖြစ်ရပါတယ်။ ဒီလိုအနုပညာမြောက်ရှားပါးပြီး ရှေးကျတဲ့ လက်ရာမျိုးကို လက်ရှိအနေအထားထက် ပိုကောင်းမွန်အောင် ထိန်းသိမ်းထား စေချင်တာပါ။




Stained Glass Window တွေရဲ့အနုပညာလက်ရာကို ခံစားခွင့်ရရှိခဲ့တာအပြင် နောက်ထပ် စိတ်ဝင်စားစရာလေးတွေကိုလည်း အဲဒီမှန်ပန်းချီကားတွေပေါ်မှာ တွေ့လိုက်ရပါတယ်။ မှန်ပြတင်းပေါက်အောက် ရေးထိုးထားတဲ့ လွမ်းဆွတ်သတိရခြင်း မှတ်တမ်းစာပိုဒ်လေးတစ်ခုနဲ့ ပန်းချီရေးဆွဲသူနာမည်နဲ့ လိပ်စာလို့ ထင်ရတဲ့ စာစုလေးတစ်ခုပါ။ လွမ်းဆွတ်သတိခြင်းရမှတ်တမ်းစာပိုဒ်လေးက မှန်ပန်းချီရေးပြတင်းပေါက်အလှူရှင်ရဲ့ ဆန္ဒအရ ထည့်သွင်းရေးထိုးစေတာဖြစ်နိုင်ပြီး အဲဒီစာစုလေးကို ပန်းချီကားရဲ့အောက်ခြေမှာ ထင်ထင်ရှားရှားတွေ့ခဲ့ရပါတယ်။ အဲဒီစာစုလေးမှာ -

1878 ခုနှစ် ဧပြီလ 19 , 20 , 25 ရက်တွေမှာ ကွယ်လွန်သွားခဲ့တဲ့

- Charles Willam
- AssheEdith
- Sladen

• Alice Mary Childen

• S.E Duke .... ( ကျွန်တော်ကူးထားတဲ့နာမည်တွေ အစီစဉ်မကျဘဲ လွဲမှားနိုင်ပါတယ်) တို့ကို လွှမ်းဆွတ်သတိရကြောင်း ဖော်ပြထားပါတယ်။ ဒီစာစုလေးကို သေချာလေ့လာကြည့်တဲ့အခါ သာမန်မဟုတ်တဲ့ ဖြစ်ရပ်တစ်ခုကို ဖော်ညွှန်းနေတယ်လို့ ထင်မိပါတယ်။ ဖော်ပြထားချက်မှာ ကွယ်လွန်သူတွေ အရေအတွက်က များနေပြီး ကွယ်လွန်တဲ့ရက်က သုံးရက်တည်း ဖြစ်နေတာကို သတိပြုမိတာပါ။ နောက်ပြီး ကွယ်လွန်သူတွေက သုံးယောက်ထက် ပိုနေတာ အပြင် ကလေးလေးတွေပါ တစ်ယောက်ထက် ပိုပါနေတယ်လို့ ထင်မိပါတယ်။ ဒါကြောင့်မို့ ဖော်ပြထားတဲ့ကွယ်လွန်သူတွေဟာ ဘယ်လိုအဖြစ်ရပ်မျိုးတွေနဲ့ ကြုံတွေ့ပြီး အသက်ဆုံးရှုံးခဲ့ရတာလဲဆိုတာကို ကျွန်တော့်စိတ်ထဲမှာ သိချင်နေမိပါတယ်။

ပန်းချီရေးဆွဲသူရဲ့နာမည်နဲ့လိပ်စာကိုတော့ ပန်းချီကားတစ်ချပ်ထဲက တစ်နေရာမှာ မထင်မရှားရေးထိုးထားတာကို တွေ့ရပါတယ်။

လက်ယာဘက်က Stained Glass Window တစ်နေရာမှာ

A.L Moore

Glass Painter

89 Southampton

London 1886 ဆိုပြီး စာရေးထိုးထားတာကို တွေ့လိုက်ရတာပါ။

A.L Moore ဆိုတာ  Stained Glass Window ကို ဖန်တီးရေးဆွဲသူရဲ့ နာမည်ဖြစ်နိုင်ပြီး သူ့ရဲ့နေရပ်လိပ်စာနဲ့ ရေးဆွဲဖန်တီးတဲ့ခုနှစ်ကိုပါ ပူးတွဲဖော်ပြထားတယ်လို့ ထင်ပါတယ်။ ဒါကြောင့် ပိုသေချာအောင် A.L Moore ဆိုတဲ့ လူတစ်ယောက်အကြောင်းကို အင်တာနက်ပေါ်မှာ ရှာကြည့်ဖြစ်တာပါ။ Wikipedia စာမျက်နှာပေါ်မှာ သူ့အကြောင်း ဖော်ပြထားတာကို တွေ့ရပါတယ်။ A.L Moore ဟာ 19 ရာစုနှောင်းပိုင်းကာလ Stained Glass Window ရေးဆွဲဖန်တီးမှုမှာ ကျွန်တော်တို့ ထင်ထားတာထက်ကို ပိုထင်ရှားတဲ့ပညာရှင်တစ်ယောက်ဖြစ်ကြောင်းကို အံ့ဩစွာနဲ့ သိလိုက်ရပါတယ်။



Wikipedia မှာ ဖော်ပြထားချက်အရ A.L Moore ဟာ အင်္ဂလိပ်လူမျိုး တစ်ယောက်ဖြစ်ပြီး 1849 ခုနှစ် မတ်လ 24 ရက်နေ့ လန်ဒန်မြို့ Brixton အရပ်မှာ မွေးဖွားကြောင်း၊ ထင်ရှားတဲ့ Stained Glass Window ဖန်တီးရေးဆွဲသူ ပညာရှင်တစ်ယောက်ဖြစ်ကြောင်းနဲ့ 1939 ခုနှစ်မှာ ကွယ်လွန်ခဲ့ကြောင်း ဖော်ပြထားပါတယ်။ A.L Moore 1871 ခုနှစ်မှာ စတင်တည်ထောင်ခဲ့တဲ့ Stained Glass Window ဖန်တီးရေးဆွဲထုတ်လုပ်တဲ့လုပ်ငန်းတွေကနေ ရောင်စုံမှန်ပြူတင်းပေါက်ချပ်ပေါင်း တစ်ထောင်လောက်အထိ ထုပ်လုပ်နိုင်ခဲ့ပြီး အဲဒီထဲကမှ ဆယ်ရာခိုင်းနှုန်းလောက်ကို ပြည်ပတင်ပို့ရောင်းချခဲ့တယ်လို့ ဆိုပါတယ်။

Wikipedia စာမျက်နှာပေါ်က A .L Moore ရဲ့ လိပ်စာကို ဖော်ပြရာမှာ ထားဝယ်မြို့ဘုရားရှိခိုးကျောင်းက သူရေးဆွဲခဲ့တဲ့ Stained Glass Window ပေါ်မှာ မှတ်တမ်းတင်ထားတဲ့အတိုင်း 89 Southampton, London လို့ပဲ အတိအကျ ဖော်ပြထားတာပါ။ ဒါဆိုရင်တော့ ထားဝယ်မြို့က ဘုရားရှိခိုးကျောင်းလေးမှာ တပ်ဆင်မယ့် Stained Glass Window နှစ်ချပ်ကို အင်္ဂလန်နိုင်ငံ လန်ဒန်မြို့က နာမည်ကျော်မှန်ပန်းချီရေးပညာရှင် A.L Moore ဆီမှာ ယူခဲ့တယ်ဆိုတာ ထင်ရှားနေသလို အထက်မှာ ပြောထားတဲ့အချက်အရ A.L Moore ရဲ့ ပြည်ပပို့ကုန်ဆယ်ရာခိုင်နှုန်းထဲမှာ အခုတွေ့နေရတဲ့ ထားဝယ်မြို့က Stained Glass Window နှစ်ချပ်ပါဝင်တယ်ဆိုတာလည်း သေချာနေပါပြီ။

A.L Moore က ထားဝယ်မြို့ဘုရားရှိခိုးကျောင်းအတွက် သူရေးဆွဲတဲ့နှစ်ဟာ 1886 ခုနှစ်ဖြစ်ကြောင်းကိုပါ ရေးထိုးမှတ်တမ်းတင်ထားပါသေးတယ်။ ဒါပေမယ့်လည်း ကျွန်တော့်အနေနဲ့ ထားဝယ်မြို့က ရှေးဟောင်းဘုရားရှိခိုးကျောင်း



တော်လေး ( A.L Moore ရဲ့ Stained Glass Window တပ်ဆင်ထားတဲ့ ဘုရားရှိခိုးကျောင်း) အကြောင်းကို စာပေမှတ်တမ်းအရ မလေ့လာခဲ့ရသေးလို့ ဆောက်လုပ်တဲ့အချိန်ကို အတိအကျပြောဖို့ ခက်နေပြန်ပါတယ်။ မှန်ပန်းချီကားတွေကို နိုင်ငံရပ်ခြားအထိ အရင်မှာယူပြီး မှာယူတဲ့ပစ္စည်းတွေ ထားဝယ်မြို့ကို ပြန်ရောက်လာမှ ဘုရားရှိခိုးကျောင်းကို တည်ဆောက်ခဲ့တာလား၊ ဒါမှမဟုတ် ထားဝယ်မြို့မှာ ဘုရားရှိခိုးကျောင်းကို အရင်ဆောက်ပြီးမှ မှန်ပန်းချီကားတွေကို လန်ဒန်အထိမှာ ယူခဲ့တာလား ဆိုတဲ့အချက်နှစ်ချက်က စဉ်းစားရခက်နေတာပါ။ ဒါပေမယ့်လည်း ထားဝယ်မြို့က အဲဒီဘုရားရှိခိုးကျောင်းလေးကို မြန်မာတစ်နိုင်ငံလုံး အင်္ဂလိပ်လက်အောက်ကျရောက်ပြီးကာစ 1886 ခုနှစ်ဝန်းကျင်မှာ တည်ဆောက်ခဲ့တယ် ဆိုတာကတော့ သေချာပါတယ်။




အခုလောလောဆယ်မှာတော့ ဘုရားရှိခိုးကျောင်းတော်လေးအကြောင်း ဒီလောက်ပဲ ပြောနိုင်သေးတာပါ။ စိတ်ဝင်စားမှုကတော့ အဆုံးမသတ်သေးပါဘူး။ ဖြစ်နိုင်ရင် ကျောင်းတော်လေးနဲ့ပက်သက်ပြီး ဒီထက်ပိုမိုတိကျတဲ့သမိုင်းကြောင်းတွေကို ရှေ့ဆက်ပြီး လေ့လာခွင့်ရချင်နေမိပါတယ်။ နှစ်ပေါင်း ၁၃၀ ဝန်းကျင်သက်တမ်းရှိနေပြီဖြစ်တဲ့ ထားဝယ်မြို့နှစ်ခြင်းခရစ်ယာန်အသင်းပိုင်ရှေးဟောင်းသစ်သားဘုရားရှိခိုးကျောင်းလေးကို ဒီထက်ပိုမိုထိရောက်တဲ့ ထိန်းသိမ်းစောင့်ရှောက်မှုတွေ ပြုလုပ်စေချင်ပါတယ်။ ဒါဟာလည်း ကျွန်တော်တို့ထားဝယ်မြို့ရဲ့ သမိုင်းကြောင်းကို ပြောပြနေတဲ့ ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံတစ်ခုပါ။ ရေရှည်တည်တန့်နေဖို့ လိုပါတယ်။

ရနောင် ( ဒွယ် )